Funded by:

# အားလုံးအကျုံးဝင်သင်ကြားရေးအလေ့အကျင့်

## သင်တန်းဆရာလမ်းညွှန်



Source: VSO Image library

## သင်ရိုးပိုင်း ၁၀

## အားလုံးအကျုံးဝင်မှုဆိုင်ရာ မြန်မာဥပဒေအညွှန်းဘောင်နှင့်မူဝါဒ

Implemented by:

# သင်ရိုးပိုင်း ၁၀။ အားလုံးအကျုံးဝင်မှုဆိုင်ရာ မြန်မာဥပဒေ အညွှန်းဘောင်နှင့်မူဝါဒ

## ခြုံငုံသုံးသပ်ချက်

အပြုသဘောဆောင်ကာ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို သင်ယူသူအားလုံးအတွက် မည်သို့ ဖန်တီးနိုင်ကြောင်း ကြည့်ရှုလေ့လာသည့် **သင်ရိုးပိုင်း ၁၅ ခုမှ ဒသမ**ပိုင်းဖြစ်ပါသည်။ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ကြားရေး အလေ့အကျင့်များသည် ၂၁ ရာစု ကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်ရေး၊ ပူးပေါင်း ဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို မည်ကဲ့သို့ အားပေး၊ ပျိုးထောင်၊ အသုံးပြုမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါမည်။ ဤသင်ရိုးပိုင်းများသည် မြန်မာနိုင်ငံရှိ ပညာသင်ကြားသူများနှင့် ပညာရေးကိုလေ့လာသင်ယူနေသူများအတွက် ဖြစ်ပါသည်။ ကျောင်းသူကျောင်းသားနှင့် သင်ယူသူဟူသော ဝေါဟာရများကို သင်ရိုးပိုင်းတစ်လျှောက် လဲလှယ်သုံးစွဲသွားပါမည်။

| သင်ရိုးပိုင်း အမှတ် | သင်ရိုးပိုင်းခေါင်းစဉ် |
|---|---|
| ၁ | အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း |
| ၂ | သင်ယူသူများကိုသိရှိခြင်း |
| ၃ | အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း |
| ၄ | သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း |
| ၅ | အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း |
| ၆ | ထိရောက်စွာ မေးခွန်းမေးခြင်းနှင့် တုံ့ပြန်ဖြေကြားခြင်း |
| ၇ | တက်ကြွစွာပါဝင်ခြင်း |
| ၈ | အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်း သင်ယူခြင်း |
| ၉ | ကျောင်းသူကျောင်းသားတို့၏ စိတ်ခံစားချက်နှင့်လူမှုရေး သုခကို ပံ့ပိုးပေးခြင်း |
| **၁၀** | **အားလုံးအကျုံးဝင်မှုဆိုင်ရာ မြန်မာဥပဒေအညွှန်းဘောင်နှင့် မူဝါဒများကိုနားလည်ခြင်း** |
| ၁၁ | တစ်ဦးချင်းစီ၏လိုအပ်ချက်များကို ဖြည့်ဆည်းခြင်းဖြင့် ကျောင်းသူကျောင်းသားအားလုံးကို ပံ့ပိုးခြင်း |
| ၁၂ | ကျောင်းသူကျောင်းသားတို့ တွေ့ကြုံရသည့်အခက်အခဲများကို တိတိကျကျဖော်ထုတ်ခြင်း |
| ၁၃ | ကွဲပြားခြားနားမှုများရှိသော၊ မသန်စွမ်းသော သင်ယူသူများအားလုံးကို ပံ့ပိုးခြင်း |
| ၁၄ | အပြုသဘောဆောင်သည့်အမူအကျင့်ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ခြင်း |
| ၁၅ | ကျောင်းသူကျောင်းသားများ သင်ယူမှု ပေါက်မြောက်ရေးအတွက် စစ်ဆေးအကဲဖြတ်ခြင်း |

### သင်ယူမှုဂျာနယ်

သင်ယူမှုဂျာနယ်ရှိကြောင်း၊ သင်ရိုးပိုင်းအတွက် မည်သို့ရည်ရွယ်အသုံးပြုကြောင်း သင်တန်းသူ/သားအားလုံး သတိမူမိ ကြပါစေ။ သင်တန်းသူ/သားစာအုပ်မှ ဂျာနယ်ကို အကောင်းဆုံးပြီးအောင်ရေးနည်းအကြံပြုချက်ကို ထောက်ပြပါ။ လုပ်ဆောင်ချက်အဖြေ

အားလုံး ဂျာနယ်တွင်းရေးထားရပါမည်။ ပြန်လှန်သုံးသပ်မှုသည် သင်ယူမှုဖြစ်စဉ်၏ အရေးကြီးသောအပိုင်းတစ်ခုဖြစ်ကြောင်း၊ လုပ်အပ်သည့် လုပ်ဆောင်ချက် တစ်ခုဖြစ်ကြောင်း သတိချပ်ပါ။ သင်ရိုးပိုင်းတစ်လျှောက်လေ့လာရင်း စိတ်ဝင်စားဖွယ် စကားလုံး၊ စကားစု၊ ဝေါဟာရသစ်များကို သင်တန်းသားများ မှတ်သားကြပါစေ။

## လေ့လာနည်းအကြံပြုချက်

သင်ရိုးပိုင်းကို မည်ကဲ့သို့ပြီးအောင်လုပ်ရမည်ဖြစ်ကြောင်း ရှင်းပြရန်အရေးကြီးပါသည်။ သင်တန်းသူ/သားများမှ အချိန်ယူပြီး သင့်တော်သည့် အချိန်ဇယားတစ်ခုဆွဲကာ ဖြစ်နိုင်လျှင် လုပ်ဖော်ကိုင်ဖက်များနှင့် အဖြေတိုက်ရန်လိုပါသည်။ တွေးတော/တွဲဖက်/ဝေမျှသည့် think/pair/share နည်းလမ်းသည် သင်တန်းသူ/သားများ ပူးပေါင်းဆောင်ရွက်ရန်၊ အတွေးအမြင်ဖလှယ်ရန်၊ မေးခွန်းမေးရန်၊ လုပ်ထားသည်များစစ်ဆေးရန်နှင့် တုံ့ပြန်ဖြေကြားရန်နည်းလမ်းကောင်းတစ်ခု ဖြစ်ပါသည်။

## အားလုံးအကျုံးဝင် သင်ကြားရေးအလေ့အကျင့် CPD သင်ရိုးပိုင်း နောက်ခံအကြောင်း

သင်ရိုးပိုင်းများတွင် ပညာရေးအခင်းအကျင်းအားလုံးတွင် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုကို ထင်ဟပ်သည့် အားလုံး အကျုံးဝင်မှု၊ ကျား/မသာတူညီမျှမှုနှင့် ၂၁ ရာစုကျွမ်းကျင်မှုဟူသော အဓိကအကြောင်းအရာ ၃ ခု ပါရှိပါသည်။ ဤအကြောင်း အရာများသည် သင်ရိုးညွှန်းတမ်းနယ်ပယ်အားလုံးတွင် အဓိကကျပြီး မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးမှုအတွက်သာမက ကမ္ဘာ့အနာဂတ်အတွက်လည်း ပဓာနကျလှကျရှိပါသည်။

ဤသင်တန်းကို သင်တန်းသူ/သားများမှ သင်ကြားရေးဆိုင်ရာ၊ ကျောင်းသူ/သားများ၏သင်ယူမှုနှင့် ၎င်းတို့ကောလိပ် (သို့) ကျောင်းတို့၏ အကျုံးဝင်မှုအပေါ်သက်ရောက်မှုဆိုင်ရာ ၎င်းတို့၏ **ယုံကြည်ချက်နှင့် သဘောထားများ**ကို စိန်ခေါ်ခြင်းဖြင့် စိတ်ဝင်တစား ပါဝင်ဆွေးနွေးနိုင်အောင် စီစဉ်ရေးဆွဲထားပါသည်။ သင်တန်းဆရာ/မတစ်ဦးအနေဖြင့် သင်ရိုးပိုင်းတစ်လျှောက် တက်ရောက်သူများ၏ ယုံကြည်ချက်နှင့်သဘောထားများကို စိန်ခေါ်နိုင်မည်ဟု မျှော်လင့်ပါသည်။

သင်တန်းဆရာ/မအနေဖြင့် သင်တန်းအတွင်း အားလုံးအကျုံးဝင်မှုဆိုင်ရာ သင်ကြားရေးနည်းစနစ် အတော်များများကို ထည့်သွင်း အသုံးပြုရန်လည်း အရေးကြီးပါသည်။ တက်ရောက်သူများသည် ၎င်းတို့၏ စွမ်းရည်၊ စိတ်ဝင်စားမှုနှင့် ကျွမ်းကျင်မှုတို့ကို ထောက်လျက် ၎င်းတို့လုပ်နိုင်သည့်နှုန်းဖြင့် လုပ်ကြပါစေ။

သင်ရိုးပိုင်းများတွင် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်များ မည်ကဲ့သို့ ဖန်တီးကြောင်း ကြည့်ကြပါမည်။ အားလုံး အကျုံးဝင် သင်ကြားမှုအလေ့အကျင့်ဖြင့် ကျား/မသာတူညီမျှမှုကို ပံ့ပိုးပုံ၊ ၂၁ ရာစုကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြား တွေးခေါ်မှု၊ ဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို အားပေးကြောင်း တွေ့ရပါမည်။

သင်ရိုးပိုင်းတစ်ခုချင်းတွင် သင်တန်းသူ/သားများ မိမိတို့ကြိုက်သည့် အမြန်နှုန်းဖြင့် လုပ်နိုင်သည့် လုပ်ဆောင်ချက်များ အစဉ်လိုက် ပါဝင်ပါသည်။ သင်ရိုးပိုင်းကိုလုပ်ပြီးလျှင် ပေးထားသောအဖြေများမှ အဖြေမှန်ရွေးသည့် ပဟေဠိတစ်ခုကို ဖြေရပါမည်။

## သင်ရိုးပိုင်း ၁၀ သင်ယူမှုရလဒ်များ

| |
|---|
| **ဤသင်ရိုးပိုင်းကိုလေ့လာခြင်းဖြင့် အောက်ပါတို့ကို သင် လုပ်ဆောင်နိုင်ပါမည်။** |
| **၁. မြန်မာနိုင်ငံတွင် အားလုံးအကျုံးဝင်ပညာရေး ဖြစ်ထွန်းလာစေရန် ပံ့ပိုးနိုင်မည့် မူဝါဒနှင့် ဥပဒေများကို ဖော်ထုတ်ခြင်း** |
| **၂. မြန်မာနိုင်ငံအတွက် အားလုံးအကျုံးဝင်ပညာရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာနှင့်နိုင်ငံတွင်းမူဝါဒများမှ ဆီလျော်သည့် ကဏ္ဍများကို အကျဉ်းချုပ်တင်ပြခြင်း** |
| **၃. ဆရာ/မတစ်ဦး၏လုပ်ငန်းသည် မူဝါဒများ၊ ဥပဒေများရှိ ကဏ္ဍများနှင့် ဆက်စပ်ပုံကိုအနှစ်ချုပ်တင်ပြခြင်း** |

ဤသင်ရိုးပိုင်းသည် အားလုံးအကျုံးဝင်စေမည့်မြန်မာနိုင်ငံပညာရေးအတွက် ဥပဒေအညွှန်းဘောင်နှင့်မူဝါဒများကို ကျောင်းသူကျောင်းသားတို့နားလည်စေရန်နှင့် ဆရာ/မဖြစ်သည့်မိမိအပေါ် မည်ကဲ့သို့သက်ရောက်ကြောင်းနားလည်စေရန် အထောက်အကူဖြစ်ပါမည်။ ဥပဒေနှင့်မူဝါဒခြားနားချက်၊ ၎င်းတို့မိမိသင်ကြားရေးနှင့် ဆက်နွယ်ပုံတို့ကို ဖော်ပြပေးပါသည်။ နိုင်ငံတကာနှင့်နိုင်ငံတွင်းဥပဒေ၊ မူဝါဒတို့၏ မူလအစနှင့် မိမိ၏စာသင်ခန်းအတွင်း သင်ကြားရေးအလေ့အကျင့်အပေါ် သက်ရောက်ပုံတို့ကို စူးစမ်းထားပါသည်။ ဤသင်ရိုးပိုင်း**ပြီးအောင်လုပ်ရန် ၅ နာရီခန့်** ကြာမြင့်ပါမည်။

## သင်ရိုးပိုင်း ၁၀ လုပ်ဆောင်ချက်များအတွက်နောက်ထပ်ညွှန်ကြားချက်များ

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| သင်ရိုးပိုင်း ၉ မှ ယခင်အသိပညာကို စစ်ဆေးအကဲဖြတ်ခြင်း | ပထမဆုံးလုပ်ဆောင်ချက်မှာ သင်ရိုးပိုင်း ၉ ကိုပြန်နွှေးပြီး စစ်ဆေးခြင်းဖြစ်ပါသည်။ ယခင် သင်ရိုးပိုင်း အကြောင်းအရာများကို သင်ယူသူများအားအမှတ်ရစေကာ ဤသင်ရိုးပိုင်းအတွက် ပြင်ဆင်ရာတွင်အရေးကြီးသည့် အချက်အလက်များကို ပြန်လည်အမှတ်ရစေပါသည်။ ပထမ အကြိမ်လုပ်ပြီးလျှင် အဖြေတိုက်ရန် သင်ရိုးပိုင်း ၉ ကို ပြန်ကြည့်ပါစေ။ |
| လုပ်ဆောင်ချက် ၁၀.၁ - မိမိကိုယ်မိမိ စစ်ဆေး အကဲဖြတ်ခြင်း | မိမိကိုယ်မိမိရိုးရိုးသားသား စစ်ဆေးရန် အချို့သင်တန်းသူ/သားများကိုဆော်ဩရန် လိုအပ်ပါမည်။ အချိန်ကြာမြင့်လာသည့်အမျှ နားလည်မှုနှင့်ယုံကြည်စိတ်ချမှုတို့ တိုးတက်လာမည် ဖြစ်ကြောင်း ၎င်းတို့ကိုသိမြင်ကြပါစေ။ ရလဒ်ကို သင်ရိုးပိုင်းအဆုံးစစ်ဆေးမှုနှင့် နှိုင်းယှဉ်ပြီး သင်ကြားတတ်မြောက်မှုကို သုံးသပ်စေနိုင်ပါမည်။ |

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
| --- | --- |
| လုပ်ဆောင်ချက် ၁၀.၂ - မူဝါဒ၊ ဥပဒေနှင့်အလေ့အကျင့် ခြားနားချက် | သင်တန်းသူ/သားများသည် မူဝါဒ၊ ဥပဒေနှင့်အလေ့အကျင့်ဟူသည့် ရောထားသည့် အဓိက စကားလုံးသုံးလုံးကို ဖွင့်ဆိုချက်များနှင့်ပြန်တွဲပေးရပါမည်။ စကားလုံးအတွဲကို မျဉ်းဆွဲခြင်းဖြင့် သော်လည်းကောင်း၊ စကားလုံးနှင့် နံပါတ်တွဲပေးခြင်းဖြင့်သော်လည်းကောင်း လုပ်ဆောင်နိုင် ပါသည်။ သင်တန်းဆရာက ဖွင့်ဆိုချက်မပေးဘဲ သင်တန်းသူ/သားတို့ကိုယ်တိုင်ရေးကာ နှိုင်းယှဉ်နိုင်ပါသည်။ သဘောတူထားသည့်ဖွင့်ဆိုချက်များကို သင်ယူမှုဂျာနယ်အတွင်း ရေးကြ ပါစေ။ |
| လုပ်ဆောင်ချက် ၁၀.၃ - မူဝါဒ၊ ဥပဒေနှင့် အလေ့အကျင့် | ဤလုပ်ဆောင်ချက်တွင် မူဝါဒ၊ ဥပဒေနှင့် အလေ့အကျင့်အတွက် မည်သူတို့တာဝန်ရှိကြောင်း စဉ်းစားစေခြင်းဖြင့် ခြားနားချက်ကို သုံးသပ်စေရန်ဖြစ်သည်။ ဆိုင်ရာကော်လံတွင် အမှန် ခြစ်ပြီး တာဝန်ရှိသူများကို ဖော်ထုတ်ပါမည်။ ဖြစ်နိုင်လျှင် အဖြေကို သင်ယူမှုဂျာနယ်တွင် မှတ်သားစေပါ။ အချင်းချင်းဆွေးနွေးပြီး နားလည်မှုစစ်ဆေးကြပါစေ။ ဆက်လက်လုပ်လိုက လုပ်နိုင်ပြီး အဖွဲ့အစည်းအဆင့်ဆင့်၏ပါဝင်မှုကိုလည်း သင်တန်းသူ/သားတို့အား စဉ်းစားကြ ပါစေ။ အမြင့်ဆုံးမှ အနိမ့်ဆုံးတိုင် တန်းစီရပါမည်။ |
| လုပ်ဆောင်ချက် ၁၀.၄ - အားလုံးအကျုံးဝင်ပညာရေး မူဝါဒ (နိုင်ငံတကာ) | အားလုံးအကျုံးဝင်ပညာရေးမူဝါဒများ နိုင်ငံတကာတွင် အစပျိုးပုံကို ဤလုပ်ဆောင်ချက်က မိတ်ဆက်ပေးပါသည်။ SDG4 (အရည်အသွေးပြည့်ဝသောပညာရေး)ကိုကြည့်ရန်ညွှန်ကြားပြီး (အင်္ဂလိပ်(သို့)မြန်မာဘာသာဖြင့်)အွန်လိုင်းတွင် အမြန်ဖတ်ကြပါစေ။ မျှော်မှန်း ရည်မှန်းချက် တစ်ခုချင်း၏ ခေါင်းစဉ်ကို ၄.၁ မှ ၄.၇ ထိ သင်ယူမှုဂျာနယ်တွင် မှတ်သားကြရန်။ အားလုံး အကျုံးဝင်ပညာရေးအတွက် အရေးအပါဆုံးဖြစ်သည့် ပန်းတိုင် ၄.၅ ကို အထူးအလေးထား ပါမည်။ ဖြစ်နိုင်လျှင် ကျောင်းသူ/သားများကို အင်တာနက်ရနိုင်မှုအလိုက် တွဲပေးပါ။ ဤသို့ လုပ်ရန် အခက်ကြုံရသည့် သင်တန်းသူ/သားများကို တစ်ပုဒ်လုံးဖတ်နိုင်အောင် အွန်လိုင်း SDG ၄.၅ ကောက်နုတ်ချက်ပါဝင်သည့် စာဖတ်လုပ်ဆောင်ချက်ကို ညွှန်ပြနိုင်ပါသည်။ |
| စာဖတ်ရန် | ဤလုပ်ဆောင်ချက်တွင် အွန်လိုင်းတက်ကြည့်ရန် အခက်ကြုံရသူများအတွက် SDG ၄.၅ ကောက်နုတ်ချက် ပါဝင်ပါသည်။ ၁၉၃ နိုင်ငံမှ ပညာရေးတွင် ခွဲခြားဆက်ဆံမှုကို အဆုံး သတ်မည့် နိုင်ငံတကာပန်းတိုင်ကို အထူးဦးတည်စူးစိုက်ထားပါသည်။ |
| လုပ်ဆောင်ချက် ၁၀.၅ - အားလုံးအကျုံးဝင် ပညာရေးမူဝါဒ (နိုင်ငံတကာ) | ဤလုပ်ဆောင်ချက်ကို ၁၀.၄ မှ ဆက်လက်လုပ်ဆောင်ခြင်းဖြစ်ပြီး မသန်စွမ်းသူများ အခွင့် အရေး သဘောတူညီချက် (၂၀၁၁/ ၂၀၁၆)နှင့် ကလေးသူငယ်အခွင့်အရေးသဘောတူညီချက် (၁၉၉၀)တို့ကို ကြည့်စေပါမည်။ တစ်ဖန် သင်တန်းသူ/သားများ အွန်လိုင်းမှတ်တမ်းမှတ်ရာ များကို ကြည့်ကြပါမည်။ ဖြစ်နိုင်လျှင် နှစ်ယောက်တွဲပြီး အတူတူဖတ်ကာ ဆွေးနွေးကြရန်။ အွန်လိုင်း မှတ်တမ်းများမှ အရေးကြီးသည့်ကောက်နုတ်ချက်များကို အွန်လိုင်းမတက်နိုင်သူများ အတွက် ပေးထားပါသည်။ မှတ်တမ်းများမှ အဓိကစကားစု၊ အချက်အလက်များကို အလေး ထားကြပါစေ။ သင်ယူမှုဂျာနယ်တွင်လည်း ရေးနိုင်ပါသည်။ |
| လုပ်ဆောင်ချက် ၁၀.၆ နှင့် ၁၀.၇ - အားလုံးအကျုံးဝင် ပညာရေးအတွက် မြန်မာ အမျိုးသားဥပဒေနှင့် မူဝါဒများ | ဤလုပ်ဆောင်ချက်သည် မြန်မာနိုင်ငံအတွက် ဥပဒေနှင့်မူဝါဒများကို မီးမောင်းထိုးပြထား ပါသည်။ သင်တန်းသူ/သားတို့အား မှတ်တမ်းမှတ်ရာများကို အွန်လိုင်းတွင်ကြည့်စေကာ မိမိတို့ သင်ကြားရေးလုပ်ငန်းနှင့် ထိုဥပဒေမူဝါဒတို့ မည်ကဲ့သို့ ဆက်စပ်ကြောင်း စတင်တွေးတောစေ ပါမည်။ ၁၀.၆ ဆွေးနွေးချက်/အဖြေများကို အွန်လိုင်းတက်ရန်ခက်ခဲသူများအတွက် အဓိက စကားလုံးများကို ပေါ်လွင်အောင်ထားသည့် ကောက်နုတ်ချက်များ ပေးထားပါသည်။ ဖြစ်နိုင်လျှင် အင်တာနက်ရနိုင်မှုအလိုက် နှစ်ယောက်စီတွဲပြီး အင်တာနက်အတူတူကြည့်ပါစေ။ |

| **လုပ်ဆောင်ချက်** | **ထပ်မံစဉ်းစားဖွယ်အချက်များ** |
|---|---|
| လုပ်ဆောင်ချက် ၁၀.၈ - ပြန်နွေးခြင်း- အားလုံးအကျုံးဝင်ပညာရေး ရေးပါပုံ | ယခင်သင်ရိုးပိုင်းမှ ဗီဒီယိုကိုပြန်ကြည့်ရန် လင့်ခ်တစ်ခုပေးထားပါသည်။ စာသင်ခန်းအတွင်း သင်ကြားရေးအပေါ် ဥပဒေ၊ မူဝါဒနှင့်အလေ့အကျင့်တို့က မည်သို့သြဇာညောင်းကြောင်း စဉ်းစားချိန်ပေးပါသည်။ မြန်မာနိုင်ငံအတွက် အားလုံးအကျုံးဝင်ပညာရေး အရေးကြီးရခြင်း အကြောင်းရင်းသုံးချက်ကို ပြန်လည်သုံးသပ်စေပါမည်။ |
| လုပ်ဆောင်ချက် ၁၀.၉ - အလေ့အကျင့် - ဆရာအတတ်သင် သင်တန်းသူ/သားများထံ အားလုံးအကျုံးဝင်မူဝါဒနှင့် ဥပဒေများမိတ်ဆက်ခြင်း | ဤလုပ်ဆောင်ချက်သည် (ဥပဒေနှင့်မူဝါဒ)သဘောတရားများကို (ဆရာ/မတို့အတန်းတွင်း အားလုံးအကျုံးဝင် သင်ကြားရေး) အလေ့အကျင့်နှင့် ချိတ်ဆက်ပေးပါသည်။<br>အုပ်စုဖွဲ့လုပ်ဆောင်ရာတွင်အောက်ပါတို့မှရွေးချယ်နိုင်ပါသည်။<br>၁. ဆရာအတတ်ပညာသင် ကျောင်းသူ/သားများအား (ဤသင်ရိုးပိုင်း သို့မဟုတ် မိမိ အနေအထားနှင့် ဆက်စပ်သည့်) ဥပဒေ၊ မူဝါဒများကို မိတ်ဆက်ပေးသည့် ပိုစတာတစ်ချပ် လုပ်ပါ။<br>သို့မဟုတ်<br>၂. အကောင်အထည်ဖော်ရန်အခက်အခဲကြောင့်၊ ဆရာ/မ၏မူဝါဒ ဖွင့်ဆိုချက်ကြောင့် အစ ရှိသော အကြောင်းရပ်များကြောင့် မူဝါဒများကို ကျောင်းနှင့် စာသင်ခန်းတွင် အသုံးမပြု လေ့ရှိကြောင်း စိတ်ကူးပြမြေပုံဆွဲပါ။ ဥပမာ- သင်ကြားရေးသုံးဘာသာစကား မူဝါဒ<br>သို့မဟုတ်<br>၃. ဆရာတတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင်များ (TCSF)နှင့်ချိတ်ဆက်ရန် -မိမိ စိတ်ကြိုက် ရွေးချယ်လုပ်ဆောင်နိုင်သည်။<br>အကြောင်းအရာခက်ခဲမှုကြောင့် ကျောင်းသူ/သားများအား မူဝါဒနှင့်ဥပဒေအကြောင်း သင်ကြားရန်ခက်ခဲနိုင်ပုံကို ထောက်ပြပါ။ သင်ယူသူအမျိုးအမျိုး(အာရုံအထွေထွေ)အတွက် ရိုးရိုးရှင်းရှင်းနှင့် စိတ်ဝင်စားဖွယ် ကောင်းရပါမည်။ အတန်းတွင်းကျောင်းသူ/သားများ၏ လိုအပ်ချက်အမျိုးမျိုးအကြောင်း တွေးပါ (အားလုံးအကျုံးဝင်မှု)။ လုပ်ဆောင်ရန် အစီအစဉ် တစ်ရပ် ရေးဆွဲပါစေ (အတွေးအမြင်ကို စိတ်ကူးပြမြေပုံ(သို့)စာရင်းအသွင် စသဖြင့် ပြုစုနိုင် ပါသည်)။ (လုပ်လိုလျှင်)ဤတတိယလုပ်ဆောင်ချက်ကို သင်တန်းသူ/သားများအတွက် စိန်ခေါ်မှုရှိစေရန် စီစဉ်ထားပါသည်။ |
| လုပ်ဆောင်ချက် ၁၀.၁၀ - ပြန်လည်သုံးသပ်ချက် | မူဝါဒ၊ ဥပဒေတို့နှင့်ဆက်နွယ်သည့် မေးခွန်းအချို့ကို ပြန်လည်သုံးသပ်ကာ မိမိတို့၏ တပည့် များကို မည်သို့ဝေမျှနိုင်မည်ဖြစ်ကြောင်း သင်တန်းသူ/သားတို့ သုံးသပ်ကြပါစေ။ |
| လုပ်ဆောင်ချက် ၁၀.၁၁ - မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း | မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်းက ပထမစစ်ဆေးမှုအတိုင်းဖြစ်ပါသည်။ သင်တန်းသူ/ သားများ၏ မိမိကိုယ်ကိုယုံကြည်စိတ်ချမှုကို ပြန်လည်သုံးသပ်ပြီး အမှတ်ချင်း နှိုင်းယှဉ်ကြည့် ကြပါစေ။ |
| နိဂုံး | သင်ရိုးပိုင်းနှင့်အဓိကအချက်များပေါင်းစည်းခိုင်မာစေပါမည်။ လုပ်ဆောင်ချက်မရှိပါ။ |

| **လုပ်ဆောင်ချက်** | **ထပ်မံစဉ်းစားဖွယ်အချက်များ** |
|---|---|
| သင်ရိုးပိုင်း ၁၀-အဆုံးသတ်ပဟေဠိ | သင်ရိုးပိုင်းကိုနားလည်မလည် စစ်ဆေးသည့် အဖြေမှန်ရွေးရမည့် မေးခွန်းဖြစ်သည်။ ရာနှုန်းပြည့်မှန်သည့်တိုင် မိမိကိုယ်မိမိ စစ်ဆေးကာ ပေးထားသည့်ပဟေဠိကို လိုအပ်သလို အကြိမ်ကြိမ် ပြန်ဖြေဆိုပါစေ။ |
| သင်ရိုးပိုင်း ၁၀ - ပဟေဠိအဖြေ | ရာနှုန်းပြည့်မှန်သည့်တိုင် ပေးထားသည့်ပဟေဠိကိုပြန်ဖြေဆိုကြပါစေ။ အချို့မေးခွန်းများတွင် အဖြေတစ်ခုထက်ပိုရှိနိုင်ကြောင်း သတိချပ်ကြပါစေ။ |

## သင်ရိုးပိုင်း ၉ အဆုံးသတ်ပဟေဠိ အဖြေ

အဖြေကို**စာလုံးအမည်းရင့်**ဖြင့်ပေးထားသည်။

မေးခွန်း ၁ - ဥပဒေဟူသည်မှာ

က) ကျောင်းမှဝန်ထမ်းများလိုက်နာရန် ရေးသားထားသည်။

ခ) လျစ်လျူရှုနိုင်သည်။

**ဂ) မူဝါဒကိုအကောင်အထည်ဖော်ရန် ဥပဒေဘောင်ချမှတ်ပေးသည်။**

ဃ) ရိုးရာယဉ်ကျေးမှုနှင့် ဆက်စပ်သည်။

**ရှင်းလင်းချက်** - လူအများ၏ လုပ်ရပ်ကို ထိန်းညှိပေးသည့် စည်းကမ်းများပါသည့်စနစ်တစ်ရပ်အဖြစ် နိုင်ငံတစ်နိုင်ငံ လူ့အဖွဲ့အစည်းတစ်ခုက သိနားလည်ထားပြီး ပြစ်ဒဏ်ပေးခြင်းဖြင့် အတည်ပြုအသက်ဝင်စေသည်။

မေးခွန်း ၂ - မူဝါဒဟူသည်မှာ

က) ဥပဒေအပေါ်အမြင်မျိုးမျိုးရှိသည်။

**ခ) တစ်ဦးတစ်ယောက် (သို့) အဖွဲ့အစည်းတစ်ခု (ဥပမာအစိုးရ)၏ ရည်ရွယ်ချက်ကို ညွှန်းဆိုသည်။ ၎င်းတို့မှ လုပ်ဆောင်ရန် စီစဉ်ထားသည်များကိုပြောထားသည်။**

ဂ) ဥပဒေဖြစ်သည်

ဃ) ဆရာ/မသင်ကြားရန် နမူနာများပေးသည်။

**ရှင်းလင်းချက်** - အဖွဲ့အစည်း/အစိုးရက လုပ်ဆောင်မည့်အစီအစဉ်နှင့်လုပ်ဆောင်ပုံဖြစ်သည်။

မေးခွန်း ၃ - အတိုကောက်စကားလုံး SDG ၏အဓိပ္ပါယ်မှာ

က)သိသိသာသာတည်တံ့မည့်တိုးတက်မှုပန်းတိုင်

ခ) ရေရှည်တည်တံ့မည့်တိုးတက်ရရှိမှု

**ဂ) စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်**

ဃ) တိကျသောဖွံ့ဖြိုးရေးပန်းတိုင် ဟူ၍ဖြစ်သည်။

**ရှင်းလင်းချက်** – အထူးသဖြင့် SGD ၄ ကဲ့သို့သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် ၁၇ ရပ်ကို နိုင်ငံပေါင်း ၁၉၃ နိုင်ငံကလိုက်နာပြီး ကမ္ဘာတစ်ဝန်းပညာရေးတိုးတက်မှု ဦးတည်ချက်များအတွက်အခြေခံရည်မှန်းချက်ဖြစ်သည်။

မေးခွန်း ၄ - (ဥပဒေ၊ မူဝါဒများနှင့်ချိတ်ဆက်နေသည့်)အလေ့အကျင့်ဟူသည်မှာ

က) မှန်သည့်တိုင်အောင်ဆက်လုပ်ခြင်းဖြစ်သည်။

**ခ) (ကျောင်း/စာသင်ခန်းတွင်) အတွေးအမြင်၊ မူဝါဒ၊ ဥပဒေတို့ကို လက်တွေ့အသုံးချခြင်းဖြစ်သည်။**

ဂ) ဥပဒေကုမ္ပဏီ၏အမည်ဖြစ်သည်။

**ရှင်းလင်းချက်** – အဖွဲ့အစည်း/အစိုးအရတစ်ရပ်သည် လုပ်ဆောင်လိုသည်ကို မူဝါဒကအစီအစဉ်ချမှတ်ပေးသည်။ အလေ့အကျင့်မှာ လုပ်ဆောင်ပုံဖြစ်သည်။ သာဓကများကို ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်နှင့် ချိတ်ဆက်ထားသော မြန်မာ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (NESP) (၂၀၁၁-၂၀၁၆)တွင် တွေ့နိုင်ပါသည်။

မေးခွန်း ၅ - မည်သည့် SDG က ပညာရေးနှင့်သီးသန့်ချိတ်ဆက်ထားပါသနည်း။

က) SDG ၁

ခ) SDG ၅

ဂ) SDG ၁၀

**ဃ) SDG ၄**

**ရှင်းလင်းချက်** **–** စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် ၄ မှာ နိုင်ငံတကာပညာရေး အရည်အသွေးတိုးတက်ကောင်းမွန်ရေးနှင့် အထူးချိတ်ဆက်ထားသည်။

မေးခွန်း ၆ - မည်သည့် နိုင်ငံတကာ မူဝါဒနှင့်ဥပဒေက ကမ္ဘာတစ်ဝန်း အားလုံးအကျုံးဝင်အလေ့အကျင့်ကို သက်ရောက်ပါသနည်း။ (၃ ခု ရွေးပါ)

က) ဂျီနီဗာသဘောတူညီချက် ၁၉၄၉

**ခ) ကုလသမဂ္ဂမသန်စွမ်းသူအခွင့်အရေးသဘောတူညီချက် (၂၀၁၆)**

ဂ) မြန်မာ အမျိုးသားပညာရေးဥပဒေ (၂၀၁၄)

**ဃ) စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်**

**င) ကုလသမဂ္ဂမသန်စွမ်းသူအခွင့်အရေးသဘောတူညီချက် (၂၀၁၁)**

**ရှင်းလင်းချက်** – ၁၉၄၉ ခုနှစ် ဂျီနီဗာသဘောတူညီချက်သည် ဖမ်းမိထားသော၊ ဒဏ်ရာရထားသော စစ်သားများကိုဆက်ဆံပုံနှင့် သက်ဆိုင်ပါသည်။ မြန်မာအမျိုးသားပညာရေးဥပဒေ(၂၀၁၄)သည် နိုင်ငံတကာဥပဒေမဟုတ်၊ နိုင်ငံတွင်းဥပဒေမျှသာဖြစ်ပါသည်။

မေးခွန်း ၇ - မြန်မာနိုင်ငံပညာရေးတွင် အားလုံးအကျုံးဝင်မှုအလေ့အကျင့်အပေါ် မည်သည့် နိုင်ငံတွင်းဥပဒေသုံးခုနှင့်မူဝါဒ တစ်ရပ်က သက်ရောက်ပါသနည်း။ (၄-ခုရွေးပါ)

က) မြန်မာ့နိုင်ငံတကာပညာရေးဥပဒေ (၂၀၁၄)

ခ) ဂျီနီဗာသဘောတူညီချက် (၁၉၄၉)

**ဂ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)**

**ဃ) အမျိုးသားပညာရေးဥပဒေ (၂၀၁၄)**

**င) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ (၂၀၁၉)**

**စ) ဆရာတတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (၂၀၂၀) ဥပဒေ**

**ရှင်းလင်းချက်** **–** မြန်မာ့နိုင်ငံတကာပညာရေးဥပဒေ(၂၀၁၄)မှာ ဥပဒေမဟုတ်ဘဲ ‘နိုင်ငံတကာ’လည်းမပါဝင်ရပါ။ ၁၉၄၉ ခုနှစ် ဂျီနီဗာ သဘောတူညီချက် မှာ ဖမ်းမိထားသော၊ ဒဏ်ရာရထားသော စစ်သားများကိုဆက်ဆံပုံနှင့် သက်ဆိုင်ပါသည်။ ကျန်လေးခုမှာ မြန်မာနှင့်သက်ဆိုင်ပြီး နိုင်ငံတကာဥပဒေကို အခြေပြုထားပါသည်။